နိုင်ငံတကာဟာသများ

ဟာသ(၃)

*ဖြေရှင်းမရနိုင်သောဖြစ်ရပ်*

လယ်သမားတဦးသည်အရက်ဆိုင်တစ်ဆိုင်တွင်အရက်မူးနေလေ၏။ထိုအရက်ဆိုင်ထဲသို့လူစိမ်းတစ်ယောက်ဝင်လာကာလယ်သမားအားမေးလေ၏။

လူစိမ်း။ ဟေ့လူ၊ဒီလောက်ကောင်းတဲ့နေ့မှာဘာဖြစ်လို့ဒီမှာလာထိုင်ပြီးမူးနေရတာလဲ။

လယ်သမားကခေါင်းကိုတွင်တွင်ခါရမ်းလျှက်ပြန်ဖြေလိုက်သည်။
လယ်သမား။ ဖြေရှင်းလို့မရတဲ့အဖြစ်တခုကြောင့်ပေါ့ကွာ။

လူစိမ်းလည်းစိတ်ဝင်စားသွားကာလယ်သမားအနီးတွင်ဝင်ထိုင်ပြီးထပ်မေးလိုက်သည်။
လူစိမ်း။ ပြောစမ်းပါဦး၊ဘာတွေများဆိုးဆိုးဝါးဝါးဖြစ်ခဲ့လို့လဲ။

အဖြစ်ကတော့၊ လယ်သမားကသူ၏ဇာတ်လမ်းအားစတင်လိုက်လေသည်။ ဒီနေ့မနက်ကပေါ့၊ ငါကထုံးစမ်အတိုင်းငါ့နွားမကိုနို့ညှစ်နေခဲ့တာ။ နို့ပုံးပြည့်ခါနီးလောက်လဲရောက်ရော သေနာမက သူ့ဘယ်ခြေကိုမြှောက်ပြီးနို့ပုံးကိုပိတ်ကန်လိုက်တယ်လေ။

လူစိမ်း။ အင်း၊အဖြစ်ကဒီလောက်လဲမဆိုးသေးပါဘူး။
လယ်သမား။ တခါတလေကျတော့ဖြေရှင်းလို့မရဘူးကွ။
လူစိမ်း။ ထားပါတော့၊ပြီးတော့ဘာဆက်ဖြစ်သတုံး။

လယ်သမား။ ဒါနဲ့ငါလဲသူ့ဘယ်ခြေထောက်ကိုဆွဲ၊ ကြိုးနဲ့ဘယ်ဘက်ကတိုင်မှာချည်ထားလိုက်တယ်လေ။
လူစိမ်း။ ပြီးတော့ကော။

လယ်သမား။ ဒါနဲ့ငါလဲနို့ဆက်ညှစ်တာပေါ့။ နို့ပုံးပြည့်ခါနီးလဲရောက်ရော သောက်ဂန်းမက သူ့ညာခြေကိုမြှောက်ပြီးနို့ပုံးကိုပိတ်ကန်ပြန်ရော။
လူစိမ်း။ နောက်တခါတောင်မှလား။
လယ်သမား။ တခါတလေကျတော့လဲဖြေရှင်းလို့မရဘူးကွ။
လူစိမ်း။ အဲဒီတော့ခင်ဗျားကဘာလုပ်လိုက်လဲ။

လယ်သမား။ ဒီတခါကျတော့ငါလဲသူ့ညာခြေထောက်ကိုဘေးကိုဆွဲ၊ ကြိုးနဲ့ညာဘက်ကတိုင်မှာချည်ထားလိုက်တာပေါ့။
လူစိမ်း။ ပြီးတော့ကော။

လယ်သမား။ ငါလဲပြန်ထိုင်ပြီး နို့ပြန်ညှစ်တာပေါ့။ ပုံးပြည့်ခါနီးလောက်လဲရောက်ပြန်ရော ဖေလိုးမက သူ့အမြီးနဲ့ပုံးကိုခတ်ပြီး မှောက်ပစ်လိုက်ပြန်တယ်လေ။

လူစိမ်းလဲအံ့သြစွာဖြင့် ခေါင်းငြိမ့်ငြိမ့်ဖြင့်နားထောင်နေလေ၏။

လယ်သမားကစိတ်ပျက်စွာဖြင့် သူ့ဇာတ်လမ်းအားဆက်လေသည်။
လယ်သမား။ တခါတလေကျတော့ဖြေရှင်းရခက်တယ်ကွ။
လူစိမ်း။ အဲဒီတော့ခင်ဗျားဘာဆက်လုပ်လိုက်လဲ။

လယ်သမား။ ငါ့မှာလဲချည်စရာကြိုးကကုန်ရော။ ဒါနဲ့ ငါ့ဘောင်းဘီကခါးပတ်ကိုဖြုတ်၊ နွားမရဲ့ အမြီးနဲ့တွဲပြီး ခေါင်မိုးမှာ ချည်ထားလိုက်တာပေါ့။ အဲဒီအချိန်မှာပဲ ငါ့ဘောင်းဘီကအောက်ကို ကျွတ်ကျ၊ ငါကနွားမနောက်မှာမတ်တတ်ရပ်နေတုန်း ဗြုံးဆိုငါ့မိန်းမကဝင်လာ။ ငါဘာမှဖြေရှင်းလို့ မရတော့ဘူးကွာ။

ဘာဘီကြူး

**myanmarbbq@yahoo.com**
**Comments and corrections welcome.**